သတင်းရင်းမြစ် > ငြိမ်းချမ်းငြိမ်း
အင်္ဂါနေ့၊ ဇန်နဝါရီလ ၀၅ ရက် ၂၀၁၀ ခုနှစ် ၁၄ နာရီ ၂၆ မိနစ်

ဆယ်ကျော်သက် အရွယ်ပင် မရောက်သေးသည့် ကွီဒို ကွန်တီနီသည် ကျောင်းမှ သူငယ်ချင်းများကို ဦးဆောင်ပြီး ဖိမ်မယ် ဆာရာဂီနာထံ သွားသည်။ ဆာရာဂီနာနှင့် တွေ့သည့်အခါ ၎င်းတို့ စုဆောင်းထားသည့် မုန့်ဖိုးကိုပေး၍ ကပြအသုံးတော်ခံခိုင်းသည်။ သဲသောင်ပေါ်တွင် ကလေးများကို ကပြနေသည့် ဆာရာဂီနာကို ကြည့်ရင်း ကွန်တီနီက နာမည်ကျော် အော်ပရာ အကသဘင်များကဲ့သို့ စိတ်ကူးယဉ်ကြည့်သည်။




လင်ဂါရီ ညို့အလှဖက်ရှင်များဖြင့် ညို့ဓာတ်အပြည့်ပါသော ဆာရာဂီနာနှင့် အနီရောင်ဝတ် ကချေသည်များ Be Italian တေးသွားဖြင့် ကပြဖျော်ဖြေနေကြသည်မှာ မြင်ရသူကို ရမ္မက်အပြည့်ဖြင့် စွဲဆောင်ဖွယ်ရာ ဖြစ်သည်။ ဂီတပညာရှင်များ၏ သံစုံတေးသွား၊ ဆာရာဂီနာ၏ ရှုက်ဖွယ်ကြီးငယ်တို့ လှုပ်ခါယစ်မူးစေနိုင်မှု၊ ဓွာမြင့်ဒေါက်ဖိနပ်တို့၏ တပြေးညီကျသံများ၊ စည်းချက်နှင့်အညီ ကချေသည်တို့၏ ခေါင်း၊ ခါး၊ ခြေ၊ လက်လှုပ်ရှားမှုများက ရင်ဖိုလှိုက်မောစရာအတိ ပြီးသည်။

ရောင်စုံမီးရောင်များ အောက်မှ ဆာရာဂီနာ၏ ဖျော်ဖြေမှုသည် ကွန်တီနီ၏ ကျောင်းမှ ဗရင်ဂျီ ဖာသာကြီးများ လိုက်လာသည့်အခါ အဆုံးသတ်သွားခဲ့ရသည်။ အနုပညာတွင် စျာန်ဝင်စားသည့် ကွန်တီနီကို သူ့မိခင်နှင့် သင်းအုပ်ဆရာကြီးက အရွယ်မရောက်ခင် ဖိမ်မယ်နှင့် သွားရောက်ပျော်ပါးသည်ထင်ပြီး ပြစ်ဒဏ်ပေးခဲ့သည်။

Nine ဆိုသည့် ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ရောဘ်မာရှယ်က ရိုက်ကူးသည်။ ထိုဇာတ်ကားကို Cold Mountain, English Patient ဇာတ်ကားတို့၏ ဒါရိုက်တာကြီး အန်ထော်နီ မင်ဂဲလားက ဇာတ်ညွှန်းရေးပေးသည်။ ရောဘ်မာရှယ်က တေးသံစုံ ဇာတ်မြူးကားများတွင် ပြိုင်ဘက်ကင်း ဒါရိုက်တာ ဖြစ်သည်။ ၂၀၀၂ ခုနှစ်က သူ၏ Chicago အမည်ရှိ Musical Drama မှာ အော်စကာဆု ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် Memories of Geisha ဇာတ်ကားဖြင့် ဂျပန်ဂေရှာမယ်တို့ ခန္ဓာကိုယ်ကို ရင်း၍သာ အသက်မွေးသူများ မဟုတ်ဘဲ ၎င်းတို့ထံတွင် အနုပညာလည်း ရှိသည်ကို ကမ္ဘာက သိစေခဲ့သူ ဖြစ်သည်။ ရောဘ်မာရှယ်သည် ၄ ကားမြောက် Pirates of the Caribbean□ဇာတ်ကားဖြစ်သည့် On Stranger Tides ဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးခွင့် ရရှိခဲ့သူ ဖြစ်သည်။







